## အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ပဥ္စမအကြိမ်အစည်းအဝေးကျင်းပခြင်း

၈.၄.၂၀၁၉ရက်နေ့၌ ရုံးအမှတ်(၅)၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ **ပဥ္စမ**အကြိမ် အစည်းအဝေးကို အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ(၂) ဦးဟင်နရီဗန်ထီးယူက ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌများ၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး/ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ ဧည့်သည်တော်များ တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင်အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ(၂)ဦးဟင်နရီဗန်ထီးယူမှ အဖွင့်အမှာစကားပြောကြားရာတွင် ယာဉ်တိုက်ခိုက်မှုကြောင့် ပျက်ဆီးဆုံးရှုံးမှုများ လျော့နည်းကျဆင်းစေရန်၊ Road Safety Action Plan (2014–2020)အား အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးတို့အတွက် ရည်ရွယ်၍ ယခုအစည်းအဝေးကို  ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ကောင်စီက ချမှတ်ထားသည့် Quick Win အစီအမံများကို အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ ယာဉ်တိုက်ခိုက်မှုအချက်အလက် Data Collecting စနစ်ကို ပြည့်စုံမှန်ကန်စွာ ပြည်သူသို့ ပြန်ကြားနိုင်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ကလေးအသက်ကယ်ထိုင်ခုံခါးပတ်နှင့်ပတ်သက်၍ ယခုအစည်းအဝေးက စတင်ကာ ပြည်သူသို့ ပညာပေးမှုများကို ကျယ်ပြန့်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဥပဒေခိုင်မာမှု အတွက်လည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မဟာသင်္ကြန်ကာလနှင့် အများပြည်သူ ရုံးပိတ်ရက်ရှည် ကာလအတွင်း ခရီးသွားလာသူ များပြားသဖြင့် ယာဉ်မတော်တဆထိခိုက်မှုများ ပိုမိုဖြစ်ပွားလေ့ရှိကြောင်းနှင့်  ထိုသို့ မဖြစ်ပွားရေးအတွက် ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးမှုများကို ယခင်ထက် ပိုမိုအရှိန်မြှင့် ဆောင်ရွက်ကြစေလိုကြောင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်အလေးထား ကြိုးပမ်းလျက် ပူးပေါင်းဆောင်ရွက်သွားရန် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဌာန ဦးသန့်ဇင်မောင်က မြန်မာနိုင်ငံအတွင်း နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီမည့် မော်တော်ဆိုင်ကယ်စီးဦးထုပ်စံချိန်စံညွှန်း ထွက်ပေါ်လာရေး လုပ်ဆောင်ချက်၊Road Crash Database အကောင်အထည်ဖော်မှု အခြေအနေ၊

မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊လမ်းအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းစီမံချက် (၂၀၁၄-၂၀၂၀) အကောင်အထည်ဖော်မှု အခြေအနေနှင့် ပဥ္စမအကြိမ်မြောက် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊လမ်းအန္တရာယ် ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေး ပြောကြားခဲ့ပါသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ၊အတွင်းရေးမှူး ဦးဇော်မင်းဦးမှ ၂၀၁၈ခုနှစ် နှစ်ချုပ်အစီရင်ခံစာနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများ၊ စီမံခန့်ခွဲရေး ဆပ်ကော်မတီအနေနှင့် အကောင်အထည်ဖော်မှု အခြေအနေ၊ စတုတ္ထအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ်တွင် စီမံခန့်ခွဲရေးဆပ်ကော်မတီအနေနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ တင်ပြဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ သက်ဆိုင်ရာ ဆပ်ကော်မတီ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး/ ပြည်နယ်ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများမှ ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေး အတွက် NRSC မှ ချမှတ်ထားသည့် အစီအမံများပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများများနှင့် အကြံပြုချက်များကို ဆွေးနွေးခဲ့ကြပါသည်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးနေလင်းက Global Status Report on Road Safety 2018 နှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံများ၏ ယာဉ်တိုက်ခိုက်မှုဆိုင်ရာ အချက်အလက်များ နှိုင်းယှဉ်ချက်နှင့် မြန်မာနိုင်ငံအပေါ် သုံးသပ်ချက်များတင်ပြခြင်း၊ အင်ဂျင်နီယာမှူးကြီး ဒေါ်ဖြူဖြူဝင်းက ယာဉ်မတောတဆဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရမှုမှ ကာကွယ်ပေးသည့် Child Safety Seats နှင့် Child Restraint System ဆိုင်ရာ တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ(၂) ဦးဟင်နရီဗန်ထီးယူမှ နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ယခုထက် ပိုမိုထိရောက်သည့် အောင်မြင်မှုတွေရရှိစေရန်နှင့် ယာဉ်အန္တရာယ်ကြောင့် ပြည်သူများ၏ ထိခိုက်ဆုံးရှုံးမှုများကို တားဆီးကာကွယ်လျှော့ချနိုင်စေရန် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရ အဖွဲ့များ၊ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတွေ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းသွားရေးနှင့် ပြည်သူလူထု၏ လက်တွဲပါဝင်လာအောင် စည်းရုံးပညာပေးရေးတို့ အောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ Road Safety ဆိုင်ရာ တစ်ကမ္ဘာလုံး မျှော်မှန်းချက်ဖြစ်သည့် "Towards Zero Together" မျှော်မှန်းချက်ကို အမှန်တကယ် ရောက်ရှိနိုင်မှာဖြစ်ပါကြောင်း မှာကြား ခဲ့ပါသည်။


၈.၄.၂၀၁၉




SHOT ON MI 9
AI TRIPLE CAMERA